DeKalb County School District

# ထူးခြားသော ပညာရေး

ဒီဇင်ဘာလ 2023 -

DeKalb County School ခရိုင်တွင်ရှိသော အထူးပညာရေးရယူနေသည့် ကျောင်းသားတစ်ဦး မိဘတစ်ဦးအနေဖြင့် ပုဂ္ဂလိကနှင့် ပြင်ပကျောင်းများတွင် မည်သည့်ကျောင်းတွင် တက်ရောက်စေလိုကြောင်း သင်၏ ထင်အမြင်ကို မေးသားခြင်း ဖြစ်ပါသည်။ 2007 Georgia ပြည်နယ် ဥပဒေပြုလွှတ်တော်မှ အတည်ပြုသော ပြည်နယ်ဥပဒေ (SB10) အောက်နှင့် 2021 (SB47) ပြန်လည်ပြင်ဆင်ချက်အရ အထူးပညာကို လက်ခံရရှိသည့် ကျောင်းသားများ၏မိဘများ နှင့် 1973 ၏ ဖယ်ဒရယ်ပြန်လည် ထူထောင်ရေး အတ်ဥပဒေ၏ အပိုဒ် 504 အောက်ရှိ ဝန်ဆောင်မှုများကို လက်ခံ ရရှိသည့် ကျောင်းသားများသည် သတ်မှတ်စံများနှင့် အရည်အချင်းပြည့်မီ ခဲ့ပါက မိမိတို့နေထိုင်သည့် ခရိုင်အတွင်းရှိ အခြား ပြည်သူပိုင်ကျောင်း၊ မိမိတို့ နေထိုင် သည့်ခရိုင်အပြင်ဘက်ရှိ အခြား ပြည်သူပိုင်ကျောင်း၊ ပြည်နယ်ပညာရေးဘုတ် အဖွဲ့မှ လည်ပတ်သည့် မျက်မမြင် သို့မဟုတ် နားမကြား ကျောင်းများတစ်ခုခု၊ သို့မဟုတ်လျှင်လည်း Georgia အထူး လိုအပ်မှု ပညာသင်ဆု (GSNS) ထဲတွင် ပါဝင်ခွင့်ပြုထားသည့် ပုဂ္ဂလိကကျောင်း စသည်သို့ ပြောင်းရန်ရွေးချယ်နိုင်ပါသည်။

Georgia အထူးလိုအပ်ချက်ပညာသင်ဆု (GSNS) ပရိုဂရမ် (ခရိုင်၏ကျောင်း ရွေးချယ်မှု (School Choice) ဝဘ်ဆိုဒ်တွင် Senate Bill 10 ဟုလည်း လူသိများသည်) သည် တစ်ဦးချင်း ဆိုင်ရာ ပညာရေးအစီအစဉ် (IEP) သို့မဟုတ် ပုဒ်မ 504 အစီအစဉ်အောက်တွင် တာဝန်ထမ်းဆောင်နေသူ Georgia အစိုးရကျောင်းများတွင် အထူးလိုအပ်မှုရှိသော ကျောင်းသားများအတွက် ရရှိနိုင်သည့် ကျောင်းရွေးချယ်မှုအစီအစဉ်တစ်ခုဖြစ်သည်။ လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်သည် အွန်လိုင်းတွင်ရှိပြီး ရွေးချယ်မှုမှာ ကံစမ်းမဲမဟုတ်ဆင့်ဖြစ်ပြီး ထိုင်ခုံရရှိနိုင်မှုအပေါ်အခြေခံ၍သာ ရွေးချယ်ခြင်းဖြစ်ကြောင်း သတိပြုရန် အရေးကြီးသည်။

မိဘများအား GSNS အကြောင်း၏ နောက်ထပ်အချက်အလက်များအတွက် Georgia ပညာရေးဌာန ဝဘ်ဆိုဒ် (http://www.gadoe.org/External-Affairs-and-Policy/Policy/Pages/Special-Needs-ScholarshipProgram.aspx) တွင် ရရှိနိုင်သော စာရွက်စာတမ်းများစွာကို သုံးသပ်ကြည့်ရှုရန် တိုက်တွန်းအပ်ပါသည်။ 2024-2025 စာသင်နှစ်အတွက် ပညာတော်သင်ပမာဏကို ဂျူလိုင် 2024 အလယ်ခန့်တွင် Georgia ပညာရေးဌာန၏ ဝဘ်စာမျက်နှာသို့ သွားရောက်၍ ကြည့်ရှုနိုင်ပါသည်။

2024-2025 ပညာသင်နှစ်အတွက် IEP နှင့်အတူ Georgia အထူးပညာသင်ဆုအတွက် အရည်အချင်းပြည့်မီရန် ကျောင်းသားသည် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည် -

1) ကျောင်းသား၏ မိဘဖြစ်သူသည် လက်ရှိတွင် Georgia အတွင်း နေထိုင်သူ ဖြစ်ရမည် ဖြစ်ပြီး၊ Georgia တွင် အခြေချနေထိုင်လျက်ရှိသည်မှာ အနည်းဆုံး ပြက္ခဒိန်နှစ် တစ်နှစ် ရှိရပေမည်၊ သို့သော်လည်း အကယ်၍ ကျောင်းသား၏ မိဘဖြစ်သူသည် ပြီးခဲ့သည့်နှစ်အတွင်း Georgia တွင် တာဝန်ကျလျက်ရှိသော တာဝန်ထမ်းဆောင်နေဆဲ စစ်မှုထမ်း အဖွဲ့ဝင်တစ်ဦးဖြစ်လျှင်မူ အဆိုပါ တစ်နှစ် ကန့်သတ်ချက်သည် သက်ရောက်မှုရှိမည် မဟုတ်ပေ၊ ထို့ပြင်

2) ကျောင်းသားဖြစ်သူထံ၌ 2023-2024 ကျောင်းပညာသင်နှစ်အတွင်း သက်ရောက်မှုရှိနေသော တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် (IEP) တစ်ခု ရှိထားရမည် ဖြစ်သည်၊ ထို့ပြင်

3) ကျောင်းသားဖြစ်သူသည် Georgia အများပြည်သူပိုင်ကျောင်း တစ်ကျောင်း၌ ယခင်ကျောင်းပညာသင်နှစ် တက်ရောက်ထားသူ* ဖြစ်ရပေမည်။

* စာသင်နှစ်မတိုင်မီ တက်ရောက်မှု - FTE ပရိုဂရမ်နှစ်ခုလုံးတွင် စာသင်နှစ် တစ်နှစ်လျှင် အောက်တိုဘာလနှင့် မတ်လတွင် ပြုလုပ်ခဲ့သည့် ရန်ပုံငွေဆိုင်ရာ ရည်ရွယ်ချက်များအတွက် အစိုးရကျောင်းစနစ် သို့မဟုတ် ကျောင်းစနစ်များမှ ကျောင်းသားအား စာရင်းသွင်းပြီး အစီရင်ခံထားပါသည်။ OCGA 20-2-2112 (5) အား ကြည့်ရှုပါ။

အကယ်၍ ဖော်ပြပါအကြောင်းများဖြစ်ပါက ယခင်နှစ် ကျောင်းစာသင်နှစ် တက်ရောက်မှု မသက်ဆိုင်ပါ -

- ကျောင်းသား၏ မိဘဖြစ်သူသည် ယခင်နှစ်အတွင်း Georgia ၌ တာဝန်ကျသော တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းအဖွဲ့ဝင်တစ်ဦး ဖြစ်နေခဲ့လျှင်၊ သို့မဟုတ်
- ကျောင်းသားဖြစ်သူသည် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော တရားရုံးမှ ထုတ်ပြန်မိန့်ကြားချက်အရ ပြီးခဲ့သည့်နှစ်အတွင်း ခတ္တ ခေါ်ယူစောင့်ရှောက်ထားခံရခြင်းမှ မွေးစားခံခဲ့ရလျှင် သို့မဟုတ် အမြဲတမ်း  အုပ်ထိန်းသူလက်အောက်သို့ နေရာချထားခြင်းခံရလျှင်၊ သို့မဟုတ်
- ကျောင်းသားသည် ယခင်က ပြည်နယ် ဥပဒေထဲတွင် ဖော်ပြထားသည့်အတိုင်း ပညာသင်ဆုရရှိရန် အရည်အချင်းပြည့်မီသူ ဖြစ်လျှင်။

- ကျေးဇူးပြုပြီး သတိပြုရမည်မှာ ယခင်နှစ်က အရည်အချင်းပြည့်မီထားခြင်းသည် ယခင်ကျောင်းပညာသင်နှစ် တက်ရောက်ထားရမည်ဖြစ်ကြောင်း ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ကိုသာလျှင် ရရှိမည်ဖြစ်သည်၊ ယခင်ကျောင်းပညာသင်နှစ်၌ IEP တစ်ခု ရှိထားခြင်း၊ နှင့် အများပြည်သူပိုင်ကျောင်း တစ်ကျောင်း၌ စာရင်းသွင်းထားခြင်းတို့ အပါအဝင် အခြားသော ကန့်သတ်ချက်များ အားလုံးဖြင့် ပြည့်မီကိုက်ညီမှုရှိကြောင်း ပြသရန် ဆက်လက် လိုအပ်ဆဲဖြစ်သည်။

GSNS လျှောက်လွှာကို DeKalb ကောင်တီခရိုင်ကျောင်း  www.dekalbschoolsga.org/school-choice/ဝဘ်ဆိုဒ်မှတဆင့်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

 မိဘများအနေဖြင့် ခရိုင်အတွင်း အပြောင်းအရွှေ့အတွက် စဉ်းစားနေသော ကျောင်းများတွင် သင့်လျော်သော အစီအစဉ်ကို ရရှိနိုင်/မရရှိနိုင်အား ဆုံးဖြတ်ရန် အထူးပညာရေးဌာန 678-676-1809 သို့ ဆက်သွယ်ရန် တိုက်တွန်း အပ်ပါသည်။

Department of Exceptional Education (အထူးပညာရေး ဌာန)
1040 Kingway Drive | Lithonia, GA 30058
678-676-1809 | www.dekalbschoolsga.org